# အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု
# မြန်မာနိုင်ငံ အခြေအနေ
# (၂၀၁၇ – ၂၀၂၅)



၂၀၁၇ မှ  ၂၀၂၅ ဒီဇင်ဘာလ အထိ ပြုစုထားခြင်းဖြစ်ပါသည်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

ပထမအကြိမ် ပုံနှိပ်ခြင်း– ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ။

ဒုတိဘအကြိမ် ပုံနှိပ်ခြင်း – ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ။

ဓါတ်ပုံများ – UN, ICJ, ICC, Kofiannan Foundation




## နိဒါန်း

အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံတွင်း တရားဝင် ဆောင်ရွက်မှု များ (အစိုးရမှ ဖွဲ့စည်းဆောင်ရွက်မှု)နှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ဆောင်ရွက်မှုများအား ၂၀၁၇ ဇန်နဝါရီလအထိ ပြုစုခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် စစ်တပ်မှ တိုင်းပြည်အာဏာအား မတရားရယူခဲ့သည့် နောက်ပိုင်း စစ်အာဏာရှင်တပ်များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် မြန်မာနိုင်ငံ၏ လူ့အခွင့် အရေးအခြေအနေမှာ အလွန်ဆိုးရွားလျှက်ရှိသည်။

၂၀၂၁ ခုနှစ်တွင် စစ်တပ်မှ အာဏာမသိမ်းမီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) လက်ထက်တွင်ပင် စစ်တပ် ကမူကြမ်းရေးဆွဲခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်တပ်မှပင် လွှတ်တော်၊ အစိုးရ အဖွဲ့နှင့် တိုင်းပြည်၏ အရေးကြီးသည့် ဆုံးဖြတ်ချက်ချရမည့် နေရာတိုင်းတွင် အသာစီးဖြင့် နေရာယူ ထားပါသည်။ အကျိုးဆက်အနေဖြင့် မြန်မာနိုင်ငံ၏ နှစ်ပေါင်း ၇၀ ကျော် ပြည်တွင်းစစ်အတွင်း စစ်တပ်မှ ကျူးလွန်သည့် ပြစ်မှုများအတွက် အပြစ်ပေး အရေးယူခံရခြင်းမှ ကင်းလွတ်နေပြီး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အဖွဲ့အစည်းအသင်းအပင်းများ ပြုပြင်ရေး လုပ်ငန်း များမှာလည်း ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကြောင့်ပင် အဟန့်အတားဖြစ်ခဲ့ရသည်။ နစ်နာသူများအတွက် တရား မျှတမှုနှင့် ကျူးလွန်သူများအား တာဝန်ယူ တာဝန်ခံစေမည့် ယန္တရားများလည်း ပျက်သုန်းခဲ့ရသည် အထူးသဖြင့် ၂၀၂၁ စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်းတွင် အဆိုးဆုံးအခြေအနေဖြစ်ခဲ့သည်။

ထို့ကြောင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၅ နှစ်ကုန်ထိ မြန်မာနိုင်ငံတွင်း အသွင်ကူး ပြောင်းရေးဆိုင်ရာ တရားမျှတမှု (TJ) ဘောင်အတွင်းမှ ***အမှန်တရား (Truth), တရားမျှတမှု (Justice), ပြန်လည်ကုစားပေး လျော် မှု (Reparations) နှင့် နောက်နောင်မဖြစ်ပွားစေရေးအတွက် အာမခံခြင်း (Guarantees of Non-Recurrence) စသည့်*** လုပ်ငန်းစဥ်များ အား အချိန်ဇယားနှင့်တကွ လေ့လာ၍ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) (ND-Burma) အနေဖြင့် အတတ်နိုင်ဆုံး ပြုစုထားပါသည်။




## တရားမျှတမှု (Justice)

၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင်း ပဋိပက္ခများနှင့် ပတ်သက်ပြီး ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် (Koffi Annan) ဦးဆောင်သည့် ကော်မရှင်တရပ်ဖွဲ့စည်း စုံစမ်း စစ်ဆေးစေခဲ့သည်။ ထိုကော်မရှင်က တွေ့ရှိချက်များကို ၂၀၁၇ ခုနှစ်တွင် အစီရင်ခံစာထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင် " ငြိမ်းချမ်းရေးကို အားပေးမြှင့်တင်ရန်၊ ပြန်လည်သင့်မြတ်စေရန်နှင့် အထူးသဖြင့် ထိခိုက်သက်ရောက်နေသည့် မွတ်စလင်များအတွက် တန်းတူညီမျှရှိစေရန် အကြံပြုထားပြီး၊ အစီရင်ခံစာပါ အကြံပြုချက်များအား နိုင်ငံတော်အဆင့် ကော်မရှင်တရပ်ထားရှိ၍ အကောင်အထည်ဖော်ရန် ဟု နိဂုံးချုပ်ထားသည်"[၁] ။

1. Report of Advisory Commission on Rakhine State, A path to peace and prosperity.

UNITED NATIONS
**HUMAN RIGHTS COUNCIL**

## လူ့အခွင့်အရေးကောင်စီ (Human Rights Council)

မြန်မာနိုင်ငံတွင်း တရားမျှတမှု ယန္တရားများ လွတ်လပ်အားကောင်းစွာ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် မတ်လ ၂၀၁၇ ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်က မြန်မာနိုင်ငံတွင်း စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်သည်ဟုဆိုသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား အချက်အလက် ရှာဖွေစုဆောင်းရန်အတွက် မြန်မာနိုင်ငံအတွက် လွတ်လပ်သည့်စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ် (IIFFMM) ကို ဖွဲ့စည်းပေးခဲ့သည်[၂]။ IIFFMM ၏ လုပ်ငန်းများသည် ၂၀၁၉ စက်တင်ဘာတွင် အဆုံးသတ်ခဲ့သည်။

❖ **စက်တင်ဘာလ ၃၀ ရက် ၂၀၁၉ ခုနှစ်** ကတည်းက လုပ်ငန်းဆောင်ရွက်နေသည့် IIMM အား IIFFM က ရရှိထားသည့် သက်သေအထောက်အထားများအား လွှဲပြောင်းပေးအပ်ခဲ့သည်။

❖ **စက်တင်ဘာလ ၂၀၁၈ ခုနှစ်တွင်** IIFFM က စုံစမ်းတွေ့ရှိချက်များအား အပြီးသတ် အစီရင်ခံစာ တင်ခဲ့သည်။ အစီရင်ခံစာတွင် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ထိပ်တန်း စစ်ဗိုလ်ချုပ်များသည် လူမျိုးတုန်း သတ်ဖြတ်မှု (Genocide), လူသားများအပေါ် ကျူးလွန်သည့်ပြစ်မှု (CAH) နှင့် စစ်ရာဇဝတ် (WC) များ အတွက် စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုရန် အကြံပြုထားသည်[၃]။

❖ **၂၀၁၈ ခုနှစ်**တွင် လူ့အခွင့်အရေးကော်မရှင်မှပင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်း စစ် ဆေးမှု ယန္တရား (IIMM) ကို ဖွဲ့စည်းပေးခဲ့သည်။ IIMM ၏ လုပ်ပိုင်ခွင့်မှာ ၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် ကျူးလွန်သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် ဖွဲ့စည်းပေးခဲ့သည်[၄]။

❖ ယန္တရားသည် အထောက်အထားများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စိစစ်သုံးသပ်ခြင်း စသည့်လုပ်ငန်းများဆောင်ရွက်ပြီး အမှုတွဲများ ပြင်ဆင်ပါသည်။ ထို့နောက် ပြစ်မှုကျူးလွန်သူများအား တရားစွဲဆိုရန်အတွက် သက်ဆိုင်ရာ နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် နိုင်ငံတကာ တရားရုံးများ၊ သို့မဟုတ် ခုံရုံးများထံ ယင်းအမှုတွဲများ မျှဝေပါသည်။

2. Independent International Fact-Finding Mission on Myanmar.
3. Report of Independent International Fact-Finding Mission on Myanmar (27 August 2018)
4. မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား




## အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) နှင့် မြန်မာ

- **၂၀၁၉ ခုနှစ်–** ဂမ်ဘီယာနိုင်ငံသည် အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင် (၅၇) နိုင်ငံ၏ ထောက်ခံမှုဖြင့် မြန်မာနိုင်ငံသည် **ရိုဟင်ဂျာများအပေါ် လူမျိုးပြုန်းစေရန် ဆောင်ရွက်မှု များကို တားဆီးအရေးယူရမည့် စာချုပ်ပါအတိုင်း လုပ်ဆောင်ရန် တာဝန်ဝတ္တရား ပျက်ကွက် ခဲ့သည်ဟု ICJ တွင်** စွဲချက်တင်ခဲ့သည်။

- **၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့** – ဂမ်ဘီယာ၏ လျှောက်လဲချက်အပေါ် မြန်မာ၏ ပဏာမ ငြင်းဆို ချက်အားလုံးကို ICJ မှ ပယ်ချခဲ့သည်။

- **၂၀၂၀ ခုနှစ် ဇန်နဝါရီ –ICJ** မှ မြန်မာနိုင်ငံအပေါ် ကြားဖြတ်အစီအမံများ ချမှတ်ခဲ့သည်။ ထိုအချက် များတွင် တပ်မတော်၊ တပ်မတော်အား အထောက်အကူပြုသည့် လက်နက်ကိုင်အဖွဲ့ အစည်း၊ ပြည်သူ့စစ် (သို့မဟုတ်) အမြဲတမ်းမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများသာ မက အခြားသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအနေဖြင့် လူမျိုးပြုန်းရာဇဝတ်မှုများ ကျူး လွန်ခြင်း၊ ကျူးလွန်ရန် ကြံစည်ခြင်းများ မပြုလုပ်ရန်၊ လူမျိုးပြုန်းရာဇဝတ်မှုနှင့် ပတ်သက် သော သက်သေများအား မြန်မာ နိုင်ငံအနေဖြင့် ဖျက်ဆီးခြင်းမပြုရန်နှင့် ကြားဖြတ်စီမံဆောင် ရွက်ချက်မှု အစီရင်ခံစာအား အမိန့်ချမှတ်သည့်နေ့မှစ၍ (၄)လ အတွင်း တရားရုံးသို့ တင်ပြရန်နှင့် အမှုစစ်ဆေးနေစဉ်ကာလအတွင်း ၆ လတ ကြိမ် အစီရင်ခံစာတင်ရန် ဖြစ်သည်[၅]။

- **၂၀၂၀ ခုနှစ် အောက်တိုဘာ ၂၃ ရက်–**ဂမ်ဘီယာက ဥပဒေကြောင်းအရ ခုခံချေပမှုကို သက်သေ အထောက်အထားနှင့်တကွ တင်ပြခဲ့သည်။

---

5. ICJ, REPORTS OF JUDGMENTS, ADVISORY OPINIONS AND ORDERS.

❖ **ဇူလိုင် ၂၃ ရက်-** မြန်မာနိုင်ငံအနေဖြင့် တုန့်ပြန်ချေပလျှောက်ထားမှုကို တင်ပြရမည်ဖြစ်သော် လည်း ယခုကိစ္စတွင် ICJ သည် တရားစီရင်ပိုင်ခွင့်မရှိဘဲ ဂမ်ဘီယာတွင်လည်း တရားစွဲဆိုပိုင်ခွင့် မရှိဟုဆိုကာ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် မြန်မာဘက်မှ ကန့်ကွက်ခဲ့သည်။

❖ **၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၂ ရက်-** မြန်မာဘက်မှ ကန့်ကွက်မှုကို ICJ မှ ပယ်ချခဲ့သည်။

❖ **၂၀၂၃ ခုနှစ် မေ ၂၃ ရက်-** မြန်မာဘက်မှ တုန့်ပြန်ချေပ လျှောက်ထားမှုကို တင်ပြရမည်ဖြစ်သော် လည်း **ဖေဖော်ဝါရီလ ၂၄ ရက် ၂၀၂၄ ခုနှစ်အထိ** အချိန်တိုးမြှင့်ပေးရန် လျှောက်ထားခဲ့သည်။

❖ ICJ မှ ပယ်ချခဲ့ပြီး မြန်မာဘက်မှ တင်ပြမှုကို **မေလ ၂၄ ရက် ၂၀၂၃ အထိ** တိုးမြှင့်ပေးခဲ့သည်။ ဖေဖော်ဝါရီ **၂၄ ရက် ၂၀၂၄ ခုနှစ်အထိ** အချိန်တိုးမြှင့်ပေးရန် မြန်မာဘက်မှ ထပ်မံတောင်းဆိုခဲ့ပြီး ICJ မှ ပယ်ချခဲ့သော်လည်း **ဩဂုတ်လ ၂၄ ရက် ၂၀၂၃ ခုနှစ်**တွင် မြန်မာဘက်မှ တင်ပြရန် ဆုံးဖြတ်ခဲ့သည်။ **ဩဂုတ်လ ၂၄ ရက် ၂၀၂၃ ခုနှစ်**တွင် မြန်မာဘက်မှ ခုခံချေပမှု တင်သွင်းခဲ့သည်။

## ဂမ်ဘီယာအား ၈ နိုင်ငံမှ ထောက်ခံ

❖ ဂမ်ဘီယာမှ မြန်မာနိုင်ငံအား လူမျိုးပြုန်းရာဇဝတ်မှုနှင့် ပတ်သက်၍ ICJ တွင် တရားစွဲဆိုရာ ကနေဒါ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်၊ ယူကေ၊ မော်ဒိုက် နှင့် အိုင်ယာလန်တို့က ထောက်ခံခဲ့သည်။




## နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) နှင့် မြန်မာ

- ❖ **၂၀၁၈**– ရိုဟင်ဂျာများအား မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်သို့ နှင်ထုတ်မှုအပေါ် အကြို အမှုရင်ဆိုင် ရေးရုံး (ICC) မှ စုံစမ်းစစ်ဆေးခြင်း ပြုနိုင်/မပြုနိုင် တရားစွဲအရာရှိက ရှာဖွေလေ့လာသည်။

- ❖ အတင်းအကြပ်နှင်ထုတ်မှုကို မြန်မာဘက်တွင် (ရောမဥပဒေကို လက်မှတ်မထိုး ထားသည့်နိုင်ငံ) တွင် ဖြစ်ပွား သော်လည်း မရှိမဖြစ်လိုအပ်သည့် ဥပဒေရေးရာ အင်္ဂါရပ်မှာ နိုင်ငံတကာ နယ်နိ မိတ်ကို ဖြတ်ကျော်၍ ရောမ ဥပဒေကို လက်မှတ်ထိုး ထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲတွင် ဖြစ် ပွားခဲ့သည်ကို သတိပြုမိသည်။

- ❖ **၂၀၁၈ စက်တင်ဘာ ၆ရက်– အကြိုအမှုရင်ဆိုင်သည့်ရုံးမှ ဆုံးဖြတ်ချက်ချသည်။** အကယ်၍ ရာဇဝတ်မှုနှင့် ပတ်သက်သည့် လက္ခဏာသည် ရောမဥပဒေအဖွဲ့ဝင်နိုင်ငံ တွင် ဖြစ်ပွားပါက (ယခုဖြစ်ရပ်တွင် ဘင်္ဂလားဒေ့ရှ်) ICC ခုံရုံးမှ တရားစီရင်ပိုင်ခွင့် ရှိနိုင်သည်။

- ❖ **၂၀၁၉၊ ဇူလိုင် ၄ ရက်–** (ပဏာမ စုံစမ်းလေ့လာမှုများ ပြုပြီးနောက်) တရားစွဲအရာရှိသည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နေ့ မှစ၍ ဘင်္ဂလား ဒေ့ရှ်/မြန်မာရှိ အခြေအနေအား စုံစမ်းစစ်ဆေး ခွင့်ပေးရန် လျှောက်ထားသည်။

- ❖ **၂၀၁၉ နိုဝင်ဘာ ၁၄–** အကြိုအမှုရင်ဆိုင်ရေးရုံးမှ အောက်ပါ ပုဒ်မ (၅) ပါ ပြဋ္ဌာန်းချက်များ အား စုံစမ်းစစ်ဆေး ရန် တရားစွဲအရာရှိအား ခွင့်ပြုခဲ့သည်။

    - ❍ ICC တရားစီရင်ပိုင်ခွင့်အတွင်းတွင် ရှိပါက

- ❍ စွပ်စွဲခံရသည့် ရာဇဝတ်မှုသည် ဘင်္ဂလားဒေ့ရှ်ပိုင်နက်အတွင်း (သို့) ICC တရားစီရင် ပိုင်ခွင့်ကို လက်ခံသည့် မည်သည့်နိုင်ငံအတွင်းတွင် ဖြစ်ပွားပါက
- ❍ စွပ်စွဲထားသည့် ပြစ်မှုကို ဘင်္ဂလားဒေ့ရှ် (သို့) သက်ဆိုင်ရာ နိုင်ငံတနိုင်ငံ က ရောမဥပဒေကို လက်မှတ်ရေးထိုး သက်ဝင်ပြီးနောက် ကျူးလွန်ခြင်း

❖ စုံစမ်းစစ်ဆေးမှုကို ပြုလုပ်နေပြီး တရားလိုရုံးမှ ဘင်္ဂလားဒေ့ရှ်သို့ အချက်အလက်စုဆောင်း ရန် အဖွဲ့ စေလွှတ်၍ သက်သေများ စုဆောင်းကာ အမှုတည်ဆောက်ရန် ပြင်ဆင်နေသည်။

❖ **၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၇-** NUG မှ ICC ၏ ပုဒ်မ ၁၂ (၃) ကို လက်ခံကြောင်း ကြေငြာသည်။ ICC ပုဒ်မ ၁၂ (၃) အရ “မြန်မာနိုင်ငံတွင် ၂၀၀၂ ခုနှစ် ဇူလိုင် ၁ ရက်မှ ဖြစ်ပွားသည့် နိုင်ငံတကာရာဇဝတ်မှုများအပေါ်” ICC တရားစီရင်မှုကို လက်ခံကြောင်း NUG မှ ကြေငြာ သည်။

❖ **၂၀၂၄၊ နိုဝင်ဘာ ၂၇-** ICC တရားစွဲအရာရှိက Karim A.A. Kham KC က မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများအပေါ် လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့် ပြစ်မှုကျူးလွန်မှုဖြင့် မြန်မာစစ် တပ်မှ တာဝန်ရှိသူ မင်းအောင်လှိုင်အား ဖမ်းဝရမ်းထုတ်ပေးရန် ICC သို့ တင်ပြခဲ့သည်။



*ICC တရားစွဲအရာရှိ Karim A.A. Kham KC*

## နိုင်ငံတကာ တရားစီရင်ရေး (Universal Jurisdiction)

နိုင်ငံတကာနှင့် နယ်နိမိတ်ဖြတ်ကျော် တရားစီရင်မှုသည် ဖြစ်နိုင်ခြေရှိသည့် တာဝန်ခံ၊ တာဝန်ယူမှု လမ်းကြောင်းဖြစ်သည်။

- ❖ နိုင်ငံတကာ တရားစီရင်ရေး (UJ)၊ ဥပဒေရေးရာ အခြေခံမူမှာ စွပ်စွဲခံရသူ (သို့) ကျူးလွန်သည့် နယ်မြေ မှာ မိမိ နိုင်ငံသား မဟုတ်၊ နယ်မြေတွင် မဟုတ်သော်လည်း နိုင်ငံများအနေဖြင့် တရားစီရင်ပိုင်ခွင့်ရှိခြင်း။
- ❖ ဥပဒေရေးရာ အခြေခံမူမှာ တရားခံသည် ကျူးလွန်သည့်ရာဇဝတ်မှုကို မည်သည့်နေရာတွင် ကျူးလွန်စေကာမူ (သို့) တရားခံမှာ မည်သည့် နိုင်ငံသားဖြစ်စေ နိုင်ငံများအနေဖြင့် တရားစီရင် ပိုင်ခွင့်ရှိခြင်း။
- ❖ နိုင်ငံတွင်းခုံရုံးများအနေဖြင့် စစ်ရာဇဝတ်မှု၊ လူမျိုးပြုန်း ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် ကျူးကျော်စစ်စသည့် နိုင်ငံတကာ ဥပဒေအရ ကြီးလေးသည့် ရာဇဝတ်မှုများကို ကျူးလွန်သည့် တာဝန်ရှိသူများကို တရားစီရင်နိုင်ခြင်း။
- ❖ နိုင်ငံတွင်း ဥပဒေအပေါ်တွင် အခြေခံ၍ နိုင်ငံတွင်း ဥပဒေက နိုင်ငံတကာ ရာဇဝတ်မှုများကို တရားစီရင်ပိုင်ခွင့်ရှိခြင်း။ ကန့်သတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများမှာ နိုင်ငံများ၏ တိကျသည့် ဥပဒေပြဋ္ဌာန်းချက်များ အပေါ် မူတည်သည်။

## မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး UJ အသုံးပြု တရားစွဲဆိုမှုများ

### အာဂျင်တီးနား

- ❖ **၂၀၁၉ ခုနှစ် နိုဝင်ဘာ**တွင် စစ်တပ်မှ ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ် မှုများကို BROUK မှ UJ အသုံးပြုပြီး အမှုဖွင့်ခဲ့သည်။
- ❖ **၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်**တွင် ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် လူမျိုးပြုန်းစေမှု ရာဇဝတ်မှုအား စုံစမ်းစစ်ဆေးခဲ့သည်။
- ❖ **၂၀၂၄ ခုနှစ် ဇွန် ၂၈ ရက်တွင်** အာဂျင်တီးနား တရားစွဲအရာရှိမှ မြန်မာအစိုးရနှင့် စစ်တပ် မှ တာဝန်ရှိသူ ၂၅ ဦးအား ဖမ်းဝရမ်းထုတ်ပေးရန် ဖက်ဒရယ်ခုံရုံးသို့ တင်ပြခဲ့သည်။

- **၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်**တွင် အာဂျင်တီးနား တရားရုံးမှ စစ်တပ်တာဝန်ရှိသူ ၂၂ ဦးနှင့် အရပ်သား အစိုးရ တာဝန်ရှိသူ ၃ ဦးအား ရိုဟင်ဂျာများအပေါ် လူမျိုးပြုန်း ရာဇဝတ်မှု ကျူးလွန်မှုဖြင့် ဖမ်းဝရမ်းထုတ်ခဲ့သည်။

**တူရကီ**

- **၂၀၂၂ ခုနှစ် မတ်လ–** Myanmar Accountability Project (MAP) မှ အမှုကို တင်သွင်းသည်။
- ရေကြည်အိုင် စစ်ကြောရေးစခန်းမှ တရားခံ ၂၄ ဦးအပေါ် ကျူးလွန်ခံရသူ (တဦးထက်ပို) ကိုယ်စား တူရကီ ရှေ့နေမှ တရားစွဲတင်ပြသည်။

**ဂျာမနီ**

- **၂၀၂၃ ခုနှစ် ဇန်နဝါရီ–** Fortify Rights မှ ဦးဆောင်ပြီး “၂၀၁၆/၂၀၁၇ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး” ကာလ ကျူးလွန်ခံရသူ ၈ ဦးနှင့် အာဏာသိမ်းပြီးနောက် ၂၀၂၁ နှင့် ၂၀၂၂ အတွင်း ဖြစ်ပွားသည့် ရာဇဝတ်မှု များတွင် ကျူးလွန်ခံရသူ ၈ ဦး (စုစုပေါင်း ၁၆) ဦး ကိုယ်စား ဂျာမနီတရားရုံးသို့ အမှုစွဲဆို တင်သွင်းသည်။
- **၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင်** ဂျာမန်ဖက်ဒရယ် အစိုးရရှေ့နေက အမှုအားစုံစမ်းစစ်ဆေးရန် ငြင်းပယ်ခဲ့သည်။

**ဖိလစ်ပိုင်**

- **၂၀၂၃ ခုနှစ် အောက်တိုဘာလ**– ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) မှ ဦးဆောင်ပြီး အမှုတွဲတင်သွင်းသည်။
- ၂၀၂၁ ခုနှစ် **စက်တင်ဘာတွင်** ချင်းပြည်နယ်၌ စစ်ရာဇဝတ်မှု ကျူးလွန်သူ စစ်တပ်တာဝန်ရှိသူ ၁၀ အား တိုင်ကြားသူ ၅ ဦးကိုယ်စား အမှုစွဲဆိုခြင်းဖြစ်သည်။
- အများပြည်သူ သတင်းအချက်အလက်ရရှိရန် အကန့်အသတ်ရှိသည်။
- ၂၀၂၄ **ခုနှစ် မေလ** – ဖိလစ်ပိုင် တရားရေးဌာနမှ အမှုကိုပယ်ချခဲ့သည်။

## နောက်နောင်မဖြစ်ပွားစေရေးအတွက် အာမခံခြင်း (Guarantees of Non-Recurrence)

### အတိတ်မှ ဆိုးရွားသည့် အကြီးအကျယ် လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် အာမခံခြင်း (Guarantees of non-recurrence)

အသွင်ကူးပြောင်းရေးကာလတရားမျှတမှု (TJ) ၏ လုပ်ငန်းစဉ်တခုမှာ ***အတိတ်မှ ဆိုးရွားသည့် အကြီးအကျယ် လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် အာမခံခြင်း (Guarantees of non-recurrence) ဖြစ်သည်။*** အတိတ်မှ ဆိုးရွားကြမ်းကြုတ် ရက်စက်မှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် မတရားဖိနှိပ်သည့် ဥပဒေများ၊ တရားဥပဒေစိုးမိုးရန် တာဝန်ရှိသည့် ရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနကဲ့သို့ ဌာနဆိုင်ရာ အဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲခြင်း၊ နိုင်ငံတော် ကာကွယ်ရေးအတွက် တာဝန်ရှိသည့် စစ်တပ်ကဲ့သို့ လက်နက်ကိုင်တပ်ဖွဲ့များ ပြုပြင်ပြောင်းလဲခြင်းများကို ဆောင်ကြသည့် ***"အဖွဲ့အစည်းဆိုင်ရာ ပြုပြင် ပြောင်းလဲရေး"*** (Institutional Reform) လုပ်ငန်းများဖြင့် ဆောင်ရွက်ကြသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုများ

- ❖ **၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၅ ရက်**-ထိုစဉ်က အာဏာရပါတီဖြစ်သော USDP သည် ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေ့လာသုံးသပ်ရန်နှင့် အကြံပြုချက်များကို စုစည်းတင်ပြနိုင်ရန် လွှတ်တော် တွင်းရှိ ပါတီများအားလုံးနှင့် အဖွဲ့ဝင် ၁၀၉ ဦးပါဝင်သော ပူးတွဲကော်မတီကို ဖွဲ့စည်းခဲ့သည်။

- ❖ **၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်**- နေ့တွင် USDP ၏ ပူးတွဲကော်မတီသည် ၎င်း၏တွေ့ရှိချက်များကို လွှတ်တော်သို့ တင်သွင်းပြီး ထိုအစီရင်ခံစာတွင် လွှတ်တော်တွင်းနှင့် လွှတ်တော်ပြင်ပမှ စုစည်းရရှိသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ရေးအကြံပြုချက် ၄၄၂၂ ချက် ပါဝင် သည်။

- ❖ **၂၀၁၅ ခုနှစ် ဇွန်လ ၁၀ ရက်** နေ့တွင် USDP က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေကြမ်း ၂ ခု ကို တင်သွင်းသည်။ ထိုဥပဒေကြမ်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄ ခုကို ပြင်ဆင်ရန် အဆိုပြုချက်နှင့် နောက်ဆက်တွဲ ဇယားပါအချက်များကို ပြင်ဆင်ရန် အချက် ၅၄ ချက်ကို အဆိုပြုသည်။

- ❖ **၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်**နေ့တွင် NLD သည် လွှတ်တော်များမှ ကိုယ်စားလှယ်များ အချိုးကျပါဝင်သည့် အဖွဲ့ဝင် ၄၅ ဦးပါ ပူးတွဲကျော်မတီကို ဖွဲ့စည်းခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတ ခုလုံးကို ပြုပြင်ရန် စတင် သုံးသပ်သည်။

- **၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်**နေ့တွင် NLD သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေကြမ်း နှစ်ခုကို တင်သွင်းသည်။ ထိုဥပဒေကြမ်းများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ များကိုပြင်ဆင်ရန် အချက် ၁၁၄ ချက်ကို အဆိုပြုထားသည်။ NLD ၏ ဥပဒေကြမ်းများကို လွှတ် တော်ကိုယ်စားလှယ်များ၏ ၅၀ ရာခိုင်နှုန်းကျော်က လက်မှတ်ရေးထိုးပြီး USDP နှင့် စစ်တပ် ကိုယ်စားလှယ်များက ထိုဥပဒေမူကြမ်းများကို ထောက်ခံခြင်းမရှိပေ။

## ၂၀၂၁ စစ်တပ်၏ မအောင်မြင်သော အာဏာသိမ်းမှုနောက်ပိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လှုပ်ရှားမှုများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်မှ မအောင်မြင်သည့် အာဏာသိမ်းမှု နောက်ပိုင်းတွင် အသစ်ပေါ် ထွက်လာသည့် NUG, NUCC, CRPH နှင့် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းကြောင်း ကြေငြာပြီးနောက် ဖက်ဒရယ် ဒီမိုကရေစီဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးကော်မတီများ ဖွဲ့စည်း၍ လုပ်ကိုင်နေသည်။ သက်ဆိုင်ရာ ဖက်ဒရယ်ယူနစ်များ အနေဖြင့်လည်း ၎င်းတို့ဒေသများအတွက် အောက်ခြေမှ အထက်သို့ချဉ်းကပ်သည့် (Bottom Up Approach) ဖွဲ့စည်းပုံများ ရေးဆွဲလျှက်ရှိသည်။

ဥပမာအနေဖြင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ၏ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အပိုင်း (၁) နှင့် (၂) ( အပိုင်း ၁ တွင် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်း ပါဝင်သည်)။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကလည်း အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းအဖွဲ့ – Transitional Constitution Preparation Team – TCPT ကို ဖွဲ့စည်းခဲ့သည်။

ကရင်နီပြည် အတိုင်ပင်ခံကောင်စီ (Karenni State Consultative Council– KSCC) မှ ပြုစုသည့် ကရင်နီပြည် ကြားကာလ အစီအမံတို့ဖြစ်သည်။

လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကြိုးပမ်းမှုများတွင် နိုင်ငံရေးယန္တရားများအကြားတွင် အသွင်ကူး ပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း ရေးဆွဲရေးဟူသည့် လုပ်ငန်းနှစ်ရပ်ရှိနေကြောင်း တွေ့နိုင်သည်။

**၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်–** မန္တလေးဒေသ ကြားကာလအစီအမံအား အများပြည်သူ အကြံပြုချက် ရယူ၍ ရေးဆွဲလျက်ရှိရာ လက်ရှိတွင် အခန်း (၉) ခု အထိ ရေးဆွဲပြီးဖြစ်ကြောင်း ကြားကာလ နိုင်ငံရေးအစီအမံ ဖော်ထုတ်မှုဆိုင်ရာ ချိတ်ဆက်ညှိနှိုင်းရေးနှင့် မူကြမ်းရေးဆွဲရေး လုပ်ငန်းကော်မတီက ကြေညာချက်အမှတ် ၄/၂၀၂၅ ဖြင့် ဖေဖော်ဝါရီ ၂၆ ရက်က ထုတ်ပြန်လိုက်သည်။

**၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်** - စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းရှိ အင်အားစုများ၏ အကြံပြုချက်များ၊ သုံးသပ်ချက်နှင့် ဆွေးနွေးချက်များအား လေ့လာသုံးသပ်ပြီးနောက် စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေ (ဒုတိယမူကြမ်း) ရေးဆွဲပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်က ဖေဖော်ဝါရီ ၁ ရက်တွင် ထုတ်ပြန်လိုက်သည်။ စစ်ကိုင်းပထမ မူကြမ်းရေးဆွဲပြီးနောက် အကြံပြုချက် အသီးသီးအား လေ့လာသုံးသပ်ကာ ဒုတိယမူကြမ်းအား ရေးဆွဲခြင်းဖြစ်သည်။

**၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်** - မန္တလေးဒေသ ကြားကာလ နိုင်ငံရေးအစီအမံ (မူကြမ်း) အား ပြည်သူများ၏ အကြံပြုချက်များအား ထည့်သွင်းစဉ်းစား၍ အခန်း(၁) မှ (၄) အထိ စုစုပေါင်း လေးခန်းအား အကြမ်းရေးဆွဲပြီးဖြစ်ကြောင်း မန္တလေးဒေသ ကြားကာလ နိုင်ငံရေးအစီအမံ ဖော်ထုတ်မှုဆိုင်ရာ ချိတ်ဆက်ညှိနှိုင်းရေးနှင့် မူကြမ်းရေးဆွဲရေး လုပ်ငန်းကော်မတီက ဇန်နဝါရီ ၁၅ ရက်တွင် ထုတ်ပြန်လိုက်သည်။

**၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင်** စစ်ကိုင်း ဖက်ဒရယ်ယူနစ် ကြားကာလအဖွဲ့စည်းပုံအခြေခံဥပဒေ ပထမမူကြမ်းအား ရေးဆွဲပြီးစီးသည်။

**၂၀၂၁ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင်** အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ၏ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကို အတည်ပြုခဲ့သည်။ ပဋိညာဉ်တွင် အစိတ်အပိုင်း ၂ ပိုင်း ပါဝင်ပြီး အစိတ်အပိုင်း(၁) သည် ***“ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု ကြေညာစာတမ်း”*** ဖြစ်၍ ပြည်ထောင်စုအ တွက်အခြေခံရမည့် စံတန်ဖိုးများနှင့်မူများ ပါဝင်သည်။ အစိတ်အပိုင်း (၂) သည် ***“ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေ အစီအမံ”*** ဖြစ်သည်။

**၂၀၂၂ ခုနှစ်၊ဇန်နဝါရီလ (၂၇-၂၉) တွင်** ကျင်းပသည့် ပြည်သူ့ညီလာခံတွင် ပြန်လည် ပြင်ဆင်ဖြည့်စွက်ထားသည့် ပဋိညာဉ်ကို ထပ်မံ အတည်ပြုခဲ့ရသည်။

## ၂၀၂၅ ရွေးကောက်ပွဲ

၂၀၂၁ ခုနှစ် စစ်တပ်မှ မအောင်မြင်သည့် အာဏာသိမ်းမှုအပြီး စစ်တပ်အာဏာသိမ်းမှုကို လက်မခံသည့် အရပ်သားပြည်သူများက ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုခဲ့သော်လည်း စစ်တပ်မှ အကြမ်းဖက် ဖြိုခွင်းခဲ့သည်။ ထို့အပြင် တနိုင်ငံလုံးတွင် စစ်မီးတောက်လောင်ခဲ့ပြီး စစ်တပ်မှ အစုအပြုံလိုက် သတ်ဖြတ်ခြင်း၊ အရပ်သားများ နှင့် အရပ်သား အဆောက်အဦးများအား ပစ်မှတ်ထား လေကြောင်းတိုက်ခိုက်ခြင်း၊ စစ် ဆင်ရေးလုပ်ရာတွင် အရပ်သားပြည်သူများ နှင့် အဆောက်အဦးများအား အကြီးအကျယ် သတ်ဖြတ်၊ ဖျက်ဆီးခြင်းတို့ လုပ်ဆောင်ခဲ့သည်။

စစ်ဌာနချုပ်များ စစ်စခန်းအများအပြားကိုလည်း လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များနှင့် PDF များက ပူးပေါင်းတိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်။

မြန်မာတနိုင်ငံလုံးတွင် စစ်တပ်မှ နေ့စဉ်လူ့အခွင့်အရေးအကြီးအကျယ် ချိုးဖောက်နေပြီး ၎င်းတို့ထိန်း ချုပ်ထားသည့် နယ်မြေများ လက်လွတ်ဆုံးရှုံးနေရသည့် အခြေအနေအောက်တွင် ရွေးကောက်ပွဲများ မပြုလုပ်ရန် ပြည်တွင်း ပြည်ပမှ ကန့်ကွက်ရှုံ့ချမှုများ ရှိနေသော်လည်း စစ်တပ်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် မြို့နယ် ၁၀၂ မြို့နယ်တွင် ရွေးကောက်ပွဲအပိုင်း (၁) ကို ကျင်းပခဲ့သည်။ ရွေးကောက်ပွဲအပိုင်း (၂) ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တွင် မြို့နယ် ၁၀၀ ၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။


COUR INTERNATION
E DE JUSTICE
INTERNATIONAL COURT
JUSTICE